myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

COMMERCE

June 28, 2019 Volume 20, Number 20

## ၂၈.၆.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၁၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၁၆၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/ကျပ် |
| CBM Rate | = ၁၅၁၅.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၂၅.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၉.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၀.၄ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၇.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၂.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၆၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၁.၁၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၃၈၁ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ရှမ်းပြည်နယ်အရှေ့ပိုင်းမှ နွားကောင်ရေငါးသန်းအား တရုတ်မှ ဝယ်ယူမည်ဟုဆွေးနွေးထား

ရှမ်းပြည်နယ်အရှေ့ပိုင်းမှ နွားကောင်ရေငါးသန်းကို တရုတ်ယူနန်ပြည်နယ်၊ စစ်ဆောင်ပနားမြို့ကုန်သည်လုပ်ငန်းရှင်များက ဝယ်ယူမည်ဟု ကနဦးဆွေးနွေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေသိရသည်။ မြန်မာနိုင်ငံမှာ နွားမွေးမြူရေးနဲ့ မျိုးထုတ်လုပ်တဲ့ ခြံတွေမှာလည်းရင်းနှီးမြှုပ်နှံမယ်လို့သိရတယ်။ ရှမ်းပြည်နယ်ထွက် ပြောင်းကုန်ကြမ်းတွေကို အသုံးပြုပြီးတော့ နွားစာထုတ်လုပ်တဲ့စက်ရုံတွေ တည်ဆောက်နိုင်မှာဖြစ်လို့ ဒေသခံရှမ်းတောင်သူတွေအတွက်လည်း အကျိုးရှိစေမယ်ဟု အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောသည်။

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်သို့ တက်ရောက်ရန်သွားသည့် ပြည်ထောင်စုဝန်ကြီး၏ ခရီးစဉ်အတွင်း စစ်ဆောင်ပနားမြို့တွင် ပြည်နယ်ခွဲ အစိုးရတာဝန်ရှိသူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မြန်မာမှလယ်ယာထွက်ကုန်များနှင့် ကျွဲနွားများစနစ်တကျတင်ပို့နိုင်ရေး၊ လယ်ယာနှင့် မွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ထို့ပြင်ခရီးစဉ်အတွင်း နယ်စပ်ကုန်သွယ်ရေး ဂိတ်ဖွင့်လှစ်ရန် အလားအလာရှိသော တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်ဖွင့်လှစ်ရန် နယ်စပ်မှတ်တိုင် ၁၄၀ နေရာသို့ လည်းကောင်း၊ တရုတ်ဘက်ခြမ်းတွေ တည်ဆောက်ပြီးစီးနေပြီဖြစ်သော စစ်ဆေးရေးဂိတ်နှင့် ယာဉ်စစ်ကွင်းနေရာများအားလည်းကောင်း၊ ကျွဲ၊ နွားကူးစက်ရောဂါကင်းရှင်းရေးဇုန်နှင့် သားသတ်စက်ရုံနေရာသို့ သွားရောက်လေ့လာခဲ့ကြောင်းသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာမှ ဇွန်လ ၇ ရက်) အထိ မူဆယ်မှတရုတ်သို့ နွားကောင်ရေတစ်သိန်းကျော်နှင့် ကျွဲကောင်ရေ နှစ်သောင်းခွဲခန့် ကန်ဒေါ်လာသန်း ၃၀၀ ခန့်ရရှိထားပြီး၊ ယခင်နှစ်ကာလတူထက် ကန်ဒေါ်လာသန်း ၂၀၀ ကျော် ပိုမိုကုန်သွယ်ထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

**Source:** https://www.facebook.com/amiamyanmar/ ?_ga=2.241167683.1724819689.1547105062-925020387.1547105062

## ကမ္ဘာကျော် Skoda ကား မြန်မာတွင် ထုတ်လုပ်ရန်ကမ်းလှမ်း

ချက်ပြည်သူ့သမ္မတနိုင်ငံသည် ၎င်း၏ကမ္ဘာကျော်အမှတ်တံဆိပ်ဖြစ်သော Skoda ကားကို မြန်မာနိုင်ငံတွင် လာရောက်ထုတ်လုပ်ရန်ကမ်းလှမ်းကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်ဆံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ ချက်နိုင်ငံက အရင်က မြန်မာနိုင်ငံမှာ Skoda တွေ ရောင်းချခဲ့တယ်။ ခုလည်း Skoda တွေ ပြန်ထုတ်ချင်တယ်ဆိုပြီး ကမ်းလှမ်းနေတာ၊ ပြောဆိုနေတာတွေရှိတယ်ဟု နေပြည်တော်တွင် ဇွန် ၂၆ ရက်က ကျင်းပသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအခမ်းအနားအပြီး ၎င်းကမြန်မာတိုင်း(မ်)သို့ပြောသည်။

ထို့ပြင် ဟန်ဂေရီနိုင်ငံကလည်း ပြည်တွင်း၌ ကားစက်ရုံထုတ်ရန် အဆိုပြုကမ်းလှမ်းမှုရှိနေသည်ဟု ၎င်းကပြောသည်။ ဟန်ဂေရီနိုင်ငံနှင့် ချက်ပြည်သူ့သမ္မတနိုင်ငံတို့သည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဥရောပခရီးစဉ်အတွင်း အဆိုပါကမ်းလှမ်းမှုများကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ၎င်းကပြောသည်။ ဟန်ဂေရီနိုင်ငံသည် မြန်မာနိုင်ငံတွင် လျှပ်စစ်ကားထုတ်လုပ်ရန် ကမ်းလှမ်းထားရာ စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးကပြောသည်။ ဟန်ဂေရီက စက်မှုဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီးဆောင်ရွက်ဖို့လုပ်နေတယ်။ တပ်ဆင်မှာပါဟု ၎င်းကပြောသည်။ ချက်နိုင်ငံမှ ကမ်းလှမ်းလျက်ရှိသော Skoda ကား ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ထပ်မံမေးမြန်းခွင့်မရခဲ့ပေ။ ၎င်းကားအမှတ်တံဆိပ်ကို ချက်နိုင်ငံတွင် ၁၈၉၅ ခုနှစ်ကတည်းက ထုတ်လုပ်ခဲ့ခြင်းဖြစ်သောကြောင့် နှစ် ၁၀၀ ကျော် သက်တမ်းရှိသော အမှတ်တံဆိပ်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံရန် အဆိုပြုချက် များစွာရရှိနေပြီး ၎င်းအဆိုပြုချက်များထဲတွင် မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ပတ်သက်သည့် အဆိုပြုကမ်းလှမ်းမှုများလည်းပါရှိနေကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## တရုတ်-အမေရိကန် ကုန်သွယ်ရေးစစ်ပွဲကြားက မြန်မာ



အမေရိကန်နဲ့ ကုန်သွယ်ရေးစစ်ဖြစ်နေချိန်မှာပဲ တရုတ်နိုင်ငံက ပြည်ပပို့ကုန်လုပ်ငန်းရှင်တချို့က လုပ်ငန်းတွေကို အိမ်နီးချင်းမြန်မာနိုင်ငံထဲ ပြောင်းရွှေ့လာနေကြပါတယ်။ တရုတ်နိုင်ငံမှာ ကုန်ထုတ်လုပ်မှုစရိတ်ကြီးမြင့်လာနေတာကြောင့်ရော၊ ကုန်သွယ်ရေးစစ်ပွဲကြောင့်ပါ တရုတ်လုပ်ငန်းရှင်တွေ ဒေသတွင်းနိုင်ငံတွေကို ခြေဦးလှည့်လာနေတဲ့အကြောင်း Reuters သတင်းဆောင်းပါးကိုတော့ ကိုအောင်လွင်ဦးက ပြောပြပေးမှာပါ။

တရုတ်နိုင်ငံမှာ အလုပ်သမားရှားပါးလာနေပြီး၊ လုပ်ခလစာတွေ တိုးလာတာနဲ့အမျှ ကုန်ထုတ်လုပ်မှုစရိတ် တက်လာတာကြောင့် အမေရိကန်ကို လုံခြုံရေးပတ်စုံတွေတင်ပို့နေတဲ့ Yakeda Tactical Gear ကုမ္ပဏီက ဈေးသက်သာမယ့် အရှေ့တောင်အာရှနိုင်ငံတွေမှာ လုပ်ငန်းတွေပြောင်းလုပ်ဖို့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်ကစ စဉ်းစားခဲ့ပေမဲ့ လက်တွေ့တော့မလုပ်ဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ပြီးခဲ့တဲ့ စက်တင်ဘာလမှာ တရုတ်နိုင်ငံက ဒေါ်လာဘီလီယံ ၂၀၀ တန်ဖိုးရှိတဲ့ သွင်းကုန်တွေကို အမေရိကန်က အခွန်တွေတိုးကောက်ရာက၊ Guangzhou အခြေစိုက် သူ့ကုမ္ပဏီကထုတ်တဲ့ ကျည်ကာပတ်စုံတွေဟာဆိုရင်လည်း အခွန် ၄၂.၆ ရာခိုင်နှုန်းအထိ တက်သွားခဲ့တာပါ။ ဒီအတွက်လည်း အမေရိကန်က အမှာတွေအပေါ် အဓိကအားထားနေတဲ့လုပ်ငန်းကို မြန်မာနိုင်ငံထဲကို ပြောင်းဖို့ဆုံးဖြတ်ခဲ့ရကြောင်း ကုမ္ပဏီရဲ့ အမှုဆောင် အရာရှိချုပ် အသက် ၄၉ နှစ်အရွယ် Shu Ke'an ကပြောပါတယ်။

ပြီးခဲ့တဲ့နှစ် စက်တင်ဘာ ၂၀ လောက်တုန်းက အခွန်တွေ ၁၀ ရာခိုင်နှုန်းတိုးလိုက်တဲ့အချိန်မှာ အမေရိကန်က ဖောက်သည်တယောက်က အခွန်တွေ ၁၀ ရာခိုင်နှုန်း တက်ကုန်ပြီဆိုပြီး ဖုန်းခေါ်ပြီးပြောပါတယ်။ နောက်တနေ့ပဲ စက်ရုံငှားဖို့ စာချုပ်ချုပ်လိုက်ပါတယ်။ ဒါက ကျနော်တို့အတွက် တကယ့်ကို အခွင့်ကောင်းဖြစ်ခဲ့ပါတယ်။ ဒေါ်လာဘီလီယံ ၃၀၀ ကျော် တန်ဖိုးရှိတဲ့ တရုတ်သွင်းကုန်တွေအပေါ် အခွန်တွေတိုးကောက်ဖို့ အမေရိကန်သမ္မတ Donald Trump က ခြိမ်းခြောက်ထားတဲ့ အတွက်လည်း တရုတ်နိုင်ငံက ပြည်ပပို့ကုန်လုပ်ငန်းတွေအတွက် အခြေအနေက သိပ်မကောင်းလှပါဘူး။ တရုတ်နဲ့အမေရိကန်ကုန်သွယ်ရေးစစ်ပွဲက ဆက်ဖြစ်နေဦးမှာသေချာပါတယ်။ ကျနော်တို့ ပြည်တွင်းဈေးကွက်အနေနဲ့ကတော့ ရောင်းအားကကောင်းနေမှာပါ။ တခြားဈေးကွက်တွေအနေနဲ့ အရှေ့တောင်အာရှနဲ့ ဥရောပတို့ကနေ အမှာတွေထပ်ရဖို့လိုပါတယ်။ အမေရိကန်ကမှာတဲ့သူတွေအတွက်ကတော့ လုပ်ငန်းတွေအားလုံးကို အရှေ့တောင်

အာရှနိုင်ငံတွေမှာပဲ ပြောင်းလုပ်ရမှာပါ။ တကယ်တော့ မကြာသေးခင်နှစ်တွေကစလို့ တရုတ်နိုင်ငံမှာ ကုန်ထုတ်လုပ်မှုစရိတ်တက်လာနေတဲ့အတွက် လုပ်ငန်းတော်တော်များများဟာ ဗီယက်နမ်၊ ကမ္ဘောဒီးယား စတဲ့ အရှေ့တောင်အာရှနိုင်ငံတွေကို ပြောင်းရွှေ့လုပ်ကိုင်လာနေကြတာပါ။ အခုအချိန်မှာ ကုန်သွယ်ရေးစစ်ပွဲ အရှိန်မြင့် လာနေတာနဲ့အမျှ မြန်မာနိုင်ငံအပါအဝင် တခြားဒေသတွင်းနိုင်ငံတွေကို လုပ်ငန်းတွေတိုးချဲ့လာမယ့် အလားအလာတွေလည်းရှိနေပါတယ်။ Yakeda ကုမ္ပဏီရဲ့ အလုပ်သမား ၂၀၀ လောက်ရှိတဲ့ Guangzhou မြို့က စက်ရုံမှာတော့ အရှေ့အလယ်ပိုင်း၊ အာဖရိကနဲ့ဥရောပက ဖောက်သည်တွေအတွက်ထုတ်လုပ်နေပြီး ရန်ကုန်မှာ ဒီဇင်ဘာလကမှ စတင် ဖွင့်လှစ်ခဲ့တဲ့ အလုပ်သမား ၆၀၀ လောက်ရှိတဲ့ စက်ရုံကတော့ မြန်မာနိုင်ငံကို ကုန်သွယ်ရေးအထူးခံစားခွင့်အဖြစ် ကုန်စည် ၅ ထောင်လောက်ကို အခွန်လွတ်ပေးထားတဲ့ အမေရိကန်အတွက် အဓိကထုတ်လုပ်ပေးနေပါတယ်။ စက်ရုံမှာတော့ တရုတ်နိုင်ငံက ကုန်ကြမ်းတွေကို စစ်သုံးကျောပိုးအိတ်၊ သေနတ်အိတ်စတဲ့ လုံခြုံရေးသုံးပစ္စည်းတွေကို မြန်မာနိုင်ငံထုတ်ပစ္စည်းတွေအဖြစ် ထုတ်လုပ်တင်ပို့နေတာပါ။ မြန်မာဂန်ထမ်းတဦးဖြစ်တဲ့ မမာလာချိုကတော့ ဒီလိုကုန်ထုတ်လုပ်ငန်းမျိုးတွေ မြန်မာနိုင်ငံကို ပိုဝင်လာဖို့ မျှော်လင့်တယ်လို့ဆိုပါတယ်။ စက်ရုံကတော့ အော်ဒါတွေလည်းအရမ်းများတယ်။ ပြီးတော့ ပို့နေတဲ့ နိုင်ငံတွေကလည်း အမေရိကန်တို့ဥရောပတို့ကိုပို့နေတာလေ။ အဲဒါကြောင့်မို့လို့ အနာဂတ်ကကောင်းတာပေါ့ ပြီးတော့ ဒီစက်ရုံကလည်း တစ်နှစ်အတွင်းမှာ အရမ်းကိုအောင်မြင်လာတယ် ဒီထက်ပိုပြီးတော့လည်း တိုးတက် အောင်မြင်ဖို့ ရှိတာပေါ့။ ဒါကြောင့်မို့ ဒီလိုမျိုးစက်ရုံတွေလည်း မြန်မာပြည်ကို အများကြီးဝင်လာစေချင်ပါတယ်။ နိုင်ငံရေးနဲ့ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်မှုမရှိတာကြောင့် အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေက မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်မှုတွေ ကန့်သတ်မှုတွေနဲ့အတူ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်ဖို့ တွန့်ဆုတ်နေချိန်မှာပဲ တရုတ်နိုင်ငံအပါအဝင် ဒေသတွင်း နိုင်ငံတွေကတော့ မြန်မာနိုင်ငံမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတာပါ။ ပြီးခဲ့တဲ့ ဧပြီလအထိ တစ်နှစ်အတွင်း အတည်ပြုလက်ခံပေးထားတဲ့ တရုတ်လုပ်ငန်းတွေရဲ့ ပမာဏဟာဆိုရင်လည်း ဒေါ်လာ ၅၈၅ သန်းအထိ ရှိခဲ့ကြောင်းလည်း မြန်မာအစိုးရက တရားဝင်ထုတ်ပြန်တဲ့ အချက်အလက်တွေက ဖော်ပြထားပါတယ်။

**Source:** https://burmese.voanews.com

http://www.thithtoolwin.com/2019/06/blog-post_538.html

## မြစ်ချောင်းများအတွင်း ငါးသားဖောက်ကောင်ရေ သိန်း ၅၀၀ ကျော်စိုက်ထည့်မည်

မန္တလေးတိုင်းဒေသကြီးအတွင်း ငါးသယံဇာများပေါကြွယ်စေအတွက် အင်း ၊ မြစ်၊ ချောင်းနှင့်ဆည်များအတွင်း ငါးသားဖောက်ကောင်ရေ သိန်း၅၀၀ ကျော် စိုက်ထည့်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန(မန္တလေး) ညွှန်ကြားရေးမှူး ဦးပေါ်လွင်ထံမှသိရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ် ၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တာတမံစသည့်နေရာများတွင်စိုက်ထည့်မည့်ငါးမျိုးစေ့များမှာ ငါးခုံးမ၊ ငါးမြစ်ချင်း ၊ငါးကြင်းရွှေဝါ၊ ငါးသိုင်းခေါင်းပွ၊ မြက်စားငါးကြင်းတို့ဖြစ်ကြောင်း သိရသည်။

သဘာဝမြစ်ချောင်းအင်းအိုင်ဆည် ၄၂ ခုမှာ ငါးသားပေါက်ကောင်ရေ ၅၁၅ သိန်းကျော်စိုက်ထည့်မယ်။ ပြီးခဲ့တဲ့ လထဲကစိုက်ထည့်နေတာ။နောက်လမှာထပ်စိုက်ထည်ဖို့ရှိတယ်ဟု ညွှန်ကြားရေးမှူး ဦးပေါ်လွင်ကပြောသည်။ လက်ရှိ အချိန်ထိ နေရာသုံးနေရာအတွက် ငါးသားဖောက်ကောင်ရေ နှစ်သိန်းခန့် စိုက်ထည့်ထားပြီးဖြစ်ကာ ၊ ကျန်ငါးသားဖောက်များကို ဇူလိုင်လနှင့် ဩဂုတ်လများတွင်ဆက်လက်လွှတ်သွားမည်ဖြစ်ကြောင်း ၄င်းကထပ်မံပြောသည်။ အဆိုပါ ငါးသားဖောက်ကောင်ရေ ၅၁၅သိန်းကျော်ကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးသားဖောက်စခန်းလေးခုမှ ထုတ်ထုပ်ထားခြင်းဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၈ ဇွလဘတ်ဂျက်၌ မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝမြစ်ချောင်းနေရာ ၃၅ ခုတွင် ငါးသားဖောက်ကောင်ရေ ၄၀၄ သိန်းကျော် စိုက်ထည့်ပေးခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/?_ga=2.241167683.1724819689.1547105062-925020387.1547105062

## ပြည်တွင်းဈေးကွက်ဝင် ပဲလွန်းဧက ၅၀၀၀ ကျော် ရေနံချောင်း၌ စိုက်ပျိုးရန်လျာထား

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မိုးပဲနှင့်ဆောင်းပဲအဖြစ် ပဲလွန်းကို အဓိကထားစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပဲလွန်းဧက ၅၀၀၀ ကျော်စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။ မကွေးတိုင်းဒေသကြီး ရေနံချောင်းနှင့် ချောက်မြို့နယ်တို့၌ ပဲလွန်းများကို မိုးပဲအဖြစ်စိုက်ပျိုး နေကြပြီဖြစ်ရာ ပဲလွန်း

သည် ပြည်တွင်းဈေးကွက်နှင့် ပြည်ပဈေးကွက်တို့၌ အဓိကအားထားရောင်းဝယ်သည့်သီးနှံဖြစ်ပြီး တောင်သူများ ဝင်ငွေကောင်းလျက်ရှိသည်။

ပဲလွန်းစိုက်ရာမှာတော့ မြေပဲနဲ့နှမ်းတို့လိုမဟုတ်ဘူး။ မြေပဲသုံးဧကကို အရင်းအနှီးက အနည်းဆုံးမြေပဲဆန် မျိုးစေ့ဖိုးက ကျပ်သုံးသိန်းဝန်းကျင်ကုန်တယ်။ ပဲလွန်းကတော့ သုံးဧကကို မျိုးစေ့ဖိုး ကျပ်နှစ်သောင်းကုန်တယ်။ ဒါကြောင့် ပဲလွန်းစိုက်ရင် စရိတ်သက်သာပြီး ဈေးကွက် အရောင်းအဝယ် တွယ်ကျယ်လို့ ပဲလွန်းစိုက်တောင်သူတွေ အကျိုးအမြတ်ဖြစ်ထွန်းမှုများတယ်ဟု ရေနံချောင်းမြို့နယ်မှ ဦးထွန်းဦးကပြောဆိုသည်။ ပဲဈေးကွက်အနေအထား ကလည်း ပဲတစ်တင်း ကျပ် ၂,၂၀၀၀၊ ပဲလွန်းကလည်း လက်လီဈေး တစ်ပြည်ကျပ် ၁,၇၀၀ ရောင်းရတယ်။ မုန့်လုပ်ငန်းက ပဲလွန်းကိုယိုအဖြစ်သုံးတယ်။ မြန်မာ့ရိုးရာအစားအစာမှာ အမျိုးအစား ၂၀ နီးပါးသုံးတာတွေ့ရ တယ်။ ပြည်ပဈေးကွက်ကိုလည်းပို့တာကြောင့် ပဲလွန်းကိုအဓိကအားပြုစိုက်ကြတာဟု ရေနံချောင်းမြို့ ပဲဈေးကွက်မှပွဲစားတစ်ဦးကပြောဆိုသည်။

ယခုနှစ်မိုးရာသီတွင် ပဲလွန်း ဧက ၃၆၀၀ ကျော်နှင့် ဆောင်းရာသီတွင် ဧက ၁၄၀၀ကျော်စိုက်ပျိုးမည် ဖြစ် ကြောင်း၊ မိုးစိုက်ထွက်နှုန်းက တစ်ဧကလျှင် ၈ ဒသမ ၅၈ တင်းနှင့် ဆောင်းရာသီစိုက် ပဲထွက်နှုန်းက တစ်ဧက လျှင် ၁၀ ဒသမ ၈၇ တင်းထွက်ရှိရာ စုစုပေါင်း ၄၆၇၂ ဒသမ၈ တင်းထွက်ရန်လျာထားကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/124977.html?fbclid=IwAR0wD7xoW6IHKiJs1VMnA-X07QVVV2QtlgpSOwFHgEPMQBsxIGU9z-fVRNw

## စလင်း၌ ပြောင်းခင်းထဲ ငရုတ်ညှပ်စိုက်၊ နှစ်သီးစားတောင်သူများ ဝင်ငွေရှင်



မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် နွယ်တမယ် ကျေးရွာတွင် စလင်းချောင်း ပြင်ရှိ ဖူးစားပြောင်းစိုက်ခင်းများတွင် ငရုတ်သီးညှပ်စိုက်ပျိုး၍ တစ်ကြိမ်စိုက်ပျိုးလျှင် နှစ်သီးစားဖြင့် စိုက်ပျိုးကြရာ ဖူးစားပြောင်းစိုက်တောင်သူများ ဝင်ငွေကောင်း၍ အဆင်ပြေနေကြောင်း သိရသည်။

ဒီနှစ်မှာ ဖူးစားပြောင်းနဲ့ ငရုတ်ကိုသီးညှပ်အဖြစ် စိုက်ပျိုးထား ပါတယ်။ ပြောင်းစိုက်မယ့် မြေတစ်ဧကကို ပန်းအမျိုးအစား ပြောင်းစေ့ တစ်လီတာဘူး လေးဘူး ကြဲပက်စိုက်ထားနိုင်တယ်။ နောက် ပြောင်းနဲ့ရောပြီး ရွှေတဆုပ်နဲ့ ကျောက်စိမ်းငရုတ်မျိုး တွေကို ညှပ်ရောပြီး စိုက်ပျိုးထားတယ်။ ပြောင်းရင့်လာရင်ခူးဆွတ် ပြီး ကျန်ငရုတ်ပင်တွေကို ရေဆက်လက်သွင်း ပေးကာ ဓာတ်မြေဩဇာကြဲပက်ပေးထားရ တယ်။ ငရုတ်တွေရင့်မှည့်လာပြီဆို ခူးဆွတ်ရောင်းချနိုင်တယ်ဟု နွယ်တမယ်ကျေးရွာမှ ပြောင်းစိုက်တောင်သူ ကိုဝင်းကပြောဆိုသည်။

ယနေ့ကာလ ပြောင်းဖူးတစ်ဖူးလျှင် ကျပ် ၉၀ မှ ၁၀၀ အထိ ရောင်းချနေရကြောင်း၊ ရွှေတဆုပ် ငရုတ်တစ်ပင်လျှင် အဆုပ် ၃၀ မှ ၄၀ ခန့်အသီးသီးကာ တစ်ဆုပ်လျှင် ငရုတ်သီး တောင့် ၁၅ တောင့်ခန့်သီးကြောင်း၊ ရွှေတဆုပ် ငရုတ်သီးတစ်ပိဿာကျပ် ၅၀၀ ဈေးရှိပြီး ကျောက်စိမ်းငရုတ်သီး တစ်ပိဿာ ကျပ် ၆၅၀ ဈေးဖြင့် ပွဲရုံများသို့ တင်ပို့ရောင်းချရကြောင်းသိရသည်။ ကျွန်တော်တို့ဒေသက နွယ်တမယ်ချောင်း (စလင်းချောင်း) တစ်လျှောက်မှာ ရာသီအလိုက် သီးနှံတွေ စိုက်ပျိုးကြပါတယ်။ ငရုတ်၊ ကြက်သွန်၊ အာလူး စတဲ့သီးနှံတွေကို အဓိကစိုက်ပျိုးကြတယ်။ ချောင်းအတွင်းက ကိုင်းမြေတွေဆိုတော့ မြေဩဇာဓာတ်ကောင်းမွန်တယ်။ ဒီနှစ်ပိုင်းမှာ ငရုတ်နဲ့ ဖူးစားပြောင်းရောပြီး သီးညှပ်စိုက်ပျိုးထားတယ်။ ဒီနှစ်ပြောင်းဖူး

ခူးဆွတ်ချိန်မှာ အထွက်ကောင်းပြီး ဈေးလည်းရတော့ တွက်ခြေကိုက်တယ်။ နောက် ငရုတ်တွေမှည့်လာရင် ခူးဆွတ်ရောင်းချရ ပါဦးမယ်ဟု နွယ်တမယ်ကျေးရွာမှ ပြောင်းစိုက်တောင်သူ ဦးတင်ရွှေကရှင်းပြသည်။ စလင်းမြို့နယ် နွယ်တမယ်ကျေးရွာမှထွက်ရှိသော ငရုတ်၊ ကြက်သွန်၊ အာလူးနှင့်ပြောင်း တို့ကို အနီးဝန်းကျင်ရှိ ချောက်၊ ကျောက်ပန်း တောင်း၊ မကွေး၊ မင်းဘူးစသည့် မြို့များရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်းသိရသည်။

**Source:**https://myanmar.mmtimes.com/news/124946.html?fbclid=IwAR1k0OuTShRnnZ-xfDDM9yg_DOfYckFVqqvh9dsRVGkXcGp6G88vXIVPwY8

## ပွင့်ဖြူ၌ နေ့နှမ်းများအထွက်နှုန်းနည်း၍ တောင်သူများတွက်ခြေမကိုက်ဖြစ်ကြ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လွန်ခဲ့သည့်နွေကာလ ရေသွင်းစိုက်ပျိုးခဲ့သည့် နေ့နှမ်းသီးနှံများ ရိတ်သိမ်းထွက်ရှိချိန်တွင် အထွက်နှုန်းမကောင်းသဖြင့် နှမ်းစိုက်တောင်သူများ အဆင်မပြေတွက် ခြေမကိုက်ဖြစ်နေကြောင်းသိရသည်။ ကျွန်တော်တို့ဒေသက ဆည်ရေရရှိတာကြောင့် နွေကာလဆို နွေစပါးနဲ့နေ့နှမ်းစိုက်ပျိုးကြပါတယ်။ နေ့နှမ်းစိုက်ပျိုးခဲ့တာ လေးနှစ်ရှိပါပြီ။ အရင်ကတော့ နွေစပါးစိုက်ပျိုးခဲ့တာပေါ့။ ဒီနှစ်နှမ်းမျိုးစေ့ စမုန်နက်တစ်တင်းကို ကျပ် ၁၀၅၀၀၀ ဈေးအထိ ပေးဝယ်ပြီး စိုက်ခဲ့ရတာပါ။ ဒီနှစ်က အပူချိန်တွေမြင့်မားပြီး နှမ်းပင်ကြီးထွားမှုနည်းကာ အသီးတင်တာလည်းနည်းခဲ့တယ်။ မနှစ်က တစ်ဧကကို ၁၀ တင်း၊ ၁၂ တင်းနှုန်းထွက်ရှိခဲ့ပေမယ့် အခုနှစ်မှာ တစ်ဧကကို ငါးတင်း၊ ခြောက်တင်း လောက်ပဲ ထွက်တယ်။ မျိုးစေ့စရိတ်၊ စိုက်ပျိုးစရိတ်၊ အလုပ်သမားစရိတ်နဲ့ဆို တွက်ခြေမကိုက်ပါဘူးဟု ပွင့်ဖြူမြို့နယ်ရောက်တောကျေးရွာနေ တောင်သူဦးဝင်းတင်ကပြောဆိုသည်။

ယခုနှစ်တွင် ပွင့်ဖြူမြို့နယ်အတွင်း နေ့နှမ်းစိုက်ဧက ၂၉၄၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး သီးနှံမျိုးစေ့များ ဈေးနှုန်းမြင့်ခြင်း၊ စိုက်ပျိုးစရိတ်တိုးမြင့်လာခြင်းတို့ကြောင့်သာ တောင်သူများတွက်ခြေမကိုက်ဖြစ်ရခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**Source:** https://myanmar.mmtimes.com/news/124968.html

## ပြည်ပတင်ပို့ရန် အပြိုင်အဆိုင်ဝယ်ယူမှုများ၍ မင်းဘူးဒေသ၌ ဆိတ်မွေးမြူသူများအဆင်ပြေ

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်း တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသူများမှာ ယခုလပိုင်းတွင် လာရောက်ဝယ်သူတို့က တရုတ်ပြည်သို့တင်ပို့ရန် အပြိုင်အဆိုင်ဈေးကောင်းပေးဝယ်ယူမှုများကြောင့် အဆင်ပြေနေကြောင်းသိရသည်။ အခုရက်ပိုင်းမှာ ဆိတ်ဝယ်တဲ့ကုန်သည်တွေ ဆင်းလာပြီးဝယ်နေကြတယ်။ မနှစ်က ဆိတ်မတစ်ကောင်ကို ကျပ် ၅၀၀၀၀၊ ၆၀၀၀၀ လောက်ဈေးရပြီး ဆိတ်ထီးတစ်ကောင် ကို ကျပ် ၁၀၀၀၀၀ ဝန်းကျင်ခန့် ဈေးရခဲ့ပါတယ်။ အခုလာဝယ်တာ ဆိတ်မတစ်ကောင်ကို ကျပ် ၁၀၀၀၀၀ ဝန်းကျင်နဲ့ ဆိတ်ထီးတစ်ကောင်ကို ကျပ် ၁၅၀၀၀၀၊ ၁၆၀၀၀၀ အထိ ဈေးကောင်းပေးဝယ်ယူနေကြပါတယ်။ နယ်တွေအထိ ကွင်းဆင်းဝယ်ယူနေကြတော့ ကျွန်တော်တို့လို မွေးမြူရေးသမားတွေအတွက် ဈေးကောင်းရပြီး အဆင်ပြေတာပေါ့ဟု မင်းဘူးမြို့နယ် အမှတ်(၁)ရပ်ကွက် ကုလားတန်းရပ်နေ မွေးမြူ ရေးလုပ်ကိုင်သူ ကိုဘဂျမ်းကပြောဆိုသည်။

မနှစ်ကတော့ ဆိတ်ဝယ်ယူသူနည်းတဲ့အတွက် ဆိတ်ဈေးလည်း မကောင်းခဲ့ဘူး။ ယနေ့ကာလမှာ နယ်ကျော် သယ်ယူရောင်းချခွင့်ပါမစ်တွေရရှိနေတဲ့အတွက် ဝယ်လက်တွေများလာတာလို့သိရတယ်။ တရုတ်ပြည်ကို တင်ပို့ ရောင်းချတာလို့လည်း သိရတယ်။ အခု ဆိတ်ဈေးနှုန်းတွေ မြင့်တက်လာတော့ ဆိတ်မွေးတဲ့သူတွေလည်း တိုးလာနေပါတယ် ဟု ၎င်းကရှင်းပြသည်။ ယခုနှစ်တွင် မွေးမြူရေးကုမ္ပဏီ ၁၈ ခုအထိရှိခဲ့ပြီး ယမန်နှစ်အထိ မွေးမြူရေးကုမ္ပဏီနှစ်ခုသာ ရှိခဲ့ကြောင်း၊ ပြည်ပသို့တင်ပို့နေသည့် ကုမ္ပဏီများပြားလာသည်နှင့်အညီ ပြည်တွင်းဈေးကွက်၌လည်း ဈေးနှုန်းမြင့်တက်လာခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုအခါ တစ်ပိုင်တစ်နိုင် မွေးမြူသူများ တိုးပွားလာကြောင်းသိရသည်။ ကျွန်တော်တို့က ဟိုးအရင် မိဘတွေ လက်ထက်ကတည်းက မွေးမြူရေးလုပ်ငန်း အဖြစ် နွား၊ ဆိတ်၊ သိုးတွေကို မွေးမြူလာခဲ့တာပါ။ ယခု တစ်လ၊ နှစ်လအတွင်း နွား၊ ဆိတ်တွေကို ဈေးကောင်းပေးဝယ်နေကြတယ်။ ခိုင်းနွားတွေရော၊ ခိုင်းနွားမဟုတ်တဲ့ နွားတွေရောဝယ်တယ်။ ဆိတ်တွေကိုလည်း ဈေးကောင်းပေးဝယ်ကြတယ်။ လွန်ခဲ့တဲ့ရက်ပိုင်းက ဆိတ်ကောင်ရေ ၅၀ ကျော် ရောင်းလိုက်ပါသေးတယ်ဟု မင်းဘူးမြို့နယ် အမှတ် (၁) ရပ်ကွက် ရေစက်ကုန်းရပ်နေ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ကိုရဲဝင်းကပြောဆိုသည်။ မြန်မာနိုင်ငံအတွင်း ဝေသာကီ၊ ဂျိတ်နီ၊ ထိန်ခန်းဟူ၍ ဆိတ်မျိုးစိတ်သုံးမျိုးရှိပြီး မကွေးတိုင်းဒေသကြီးအတွင်း ထိန်ခန်းမျိုးစိတ်ကိုသာ အဓိကထားမွေးမြူကြကြောင်း ဆိတ်မွေးမြူသူများထံမှသိရသည်။

Source: https://myanmar.mmtimes.com/news/124932.html

## ပြည်ပဝယ်လိုအားကြောင့် လေးဆကျော် မြင့်တက်လာတဲ့ ငရုတ်အစိုဈေးနှုန်း



ပြည်ပနိုင်ငံများက ဝယ်လိုအားများလာခြင်းကြောင့် ငရုတ်သီး အစိုဈေးနှုန်းများမှာ ပုံမှန်ထက် လေးဆကျော်မြင့်တက် လာကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ပုံမှန်အားဖြင့် ငရုတ်အစိုဈေးနှုန်းမှာ တစ်ပိဿာကို ကျပ် (၁၅၀၀)မှ (၂၀၀၀) ခန့်သာ ဈေးပေါက်လေ့ရှိပြီး လက်ရှိ ထိုင်းနဲ့တရုတ်နိုင်ငံတို့က ပြည်တွင်းမှ ထွက်ရှိတဲ့ငရုတ်ကို အများအပြား ဝယ်ယူလာတဲ့အတွက် တစ်ပိဿာကို ကျပ် (၈၅၀၀)ထိ မြင့်တက်လာကြောင်း သိရပါတယ်။

အခုလို ငရုတ်အစိုကို ပြည်ပနိုင်ငံများက ဝယ်လိုအား မြင့်တက်လာတဲ့အတွက် ပြည်တွင်းမှာ ကုန်ရှားပါးတဲ့အခြေအနေကို ရင်ဆိုင်နေရတဲ့အပေါ် ပြန်လည်ကာကွယ်ပေးနိုင်ရေးအတွက် နယ်စပ်ဒေသများမှ တရားဝင်လမ်းကြောင်းနဲ့ တင်သွင်းခွင့်ပြုပေးဖို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြထားကြောင်း စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်ကပြောပါတယ်။

ငရုတ် စိုက်ပျိုးထုတ်လုပ်သူများက အစိုဈေးကွက်အနေနဲ့လည်းကောင်း၊ အခြောက်ဈေးကွက်အနေနဲ့လည်းကောင်း ပြည်တွင်း၊ ပြည်ပကို တင်ပို့ရောင်းချလျက်ရှိပေမယ့်လည်း လတ်တလောမှာ ပြည်ပနိုင်ငံများမှ အဝယ်လိုက်တဲ့ ငရုတ်အစိုများကို ဦးစားပေး ရောင်းချနေရတာကြောင့် တောင်သူများငွေကြေးကုန်ကျမှုနည်းပါးပြီး တွက်ခြေကိုက်ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံရှိ ငရုတ်စိုက်တောင်သူအများစုမှာ ပြည်တွင်းငရုတ်မျိုးများ၊ ဒေသမျိုးရင်းများကိုသာ ထပ်တလဲလဲ အသုံးပြုစိုက်ပျိုးကြတာကြောင့် အထွက်နှုန်းနဲ့ ငရုတ်သီး အရည်အသွေးကျဆင်းခြင်းများ ဖြစ်ပေါ်နေတဲ့အတွက် အမြတ်များတဲ့ ငရုတ်မျိုးကောင်းမျိုးသန့်များကို ပြောင်းလဲစိုက်ပျိုးဖို့လိုအပ်ကြောင်း ငရုတ်စိုက်တောင်သူများကပြောပါတယ်။ ငရုတ်တစ်ဧက စိုက်ပျိုးတဲ့အခါ မြေပြုပြင်ခြင်း၊ မျိုးနဲ့သဘာဝမြေသြဇာ၊ လုပ်အားခစုစုပေါင်း ကျပ် (၁၅၀၀၀၀) သာ ကုန်ကျတာကြောင့် ငရုတ်စိုက်တောင်သူများအနေနဲ့ အထွက်နှုန်းကောင်းပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်တဲ့ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးသင့်ကြောင်းသိရပါတယ်။ လက်ရှိဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်ကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသများက စိုက်ပျိုးထွက်ရှိတဲ့ ငရုတ်များမကြာခင်ကာလပိုင်းမှာ ဝင်ရောက်လာတော့မှာဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီးနဲ့ မြစ်ဝကျွန်းပေါ်ဒေသများက ထွက်ရှိတဲ့ငရုတ်များ ဈေးကွက်ကိုဝင်ရောက်နေပြီဖြစ်ကြောင်းသိရပါတယ်။

**Source: The Farmer Myanmar**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2090-external-demand-is-four-times-higher-price-of-a-raw-chili.html

## Thura News Views

**Kawthaung airport upgrade may be government financed**

The government may need to finance upgrades at Kawthaung Airport in Tanintharyi Region, due to a lack of interest from private investors. According to an article in the Myanmar Times, the Department of Civil Aviation (DCA) deputy director-general U Ye Htut Aung said that the government may have to fund the project. The project value is estimated to be at about USD 36 million. Local carrier Golden Myanmar Airlines had originally won a tender to upgrade the airport, in partnership with Singapore's KMA Resources, China's Beijing ZH Airport and Tanintharyi Capital. The deal has since fallen through, the article said. Kawthaung was one of 14 airports earmarked for upgrades to boost tourism in the country. Kawthaung was among the first three to be selected, with the other two being Heho Airport in Shan State and Mawlamyine Airport in Mon State.

**Electricity price hike announced by Government**

Myanmar's government has announced a significant increase in electricity prices from July, the first the country has seen since 2014. According to reports, the price hike will help reduce electricity subsidies that have reached MMK 630 billion in the 2018-2019 fiscal year. Under the new pricing system, households and religious buildings will be charged between MMK 35 and MMK 125 per unit. The rate depends on how much they use. According to an article in Frontier, house-holds consuming 100 units a month will be charged MMK 6,050 from July 1, compared to MMK 3,500 currently. Properties that use the largest amount of electricity will be most heavily affected by the changes. Those consuming 500 units a month will be paying MMK 55,050 a month after July, compared to MMK 22,500 currently. Meanwhile industry, businesses, government offices, embassies and international organizations will be charged the most. The costs range between MMK 125 per unit up to 500 units, then more beyond that. The upper band will be MMK 180 per unit after 100,000 units.

**Toyota dealership to open Yangon store**

Nezas Holdings, a Myanmarbased dealership for Toyota Motor Corp, is to open a shop early next year in Yangon. According to an article in the Myanmar Times, the showroom is to be located in the commercial capital's Mayangone Township. Car models imported from Indonesia, Japan and Thailand will be sold and maintenance services will be provided. As part of the USD 3.9 million deal, 60 percent is owned by Hinthar, and 40 percent by Tokyo-based Nezas. In May, Toyota Myanmar Co Ltd announced that it will establish its first vehicle production facility in Myanmar. It is expected to be producing Hilux models for the domestic market from February 2021.

**Mahar Bawga raises loan from AGD Bank**

Yangon-based financial institution Mahar Bawga Finance Company (MBF) has announced that it has received a MMK 1.4 billion (USD 916,000) loan from AGD Bank. According to an article in Dealstreet Asia, MBF said that the funds will be used to open new branches, renovate existing ones and develop new financial products and services. The company said it had been researching "new financial products" in recent years and now plans to launch them further across the country. "AGD plans to continuously support other MFIs (microfinance institutions) and NBFIs (non-bank financial institutions) as part of the bank's initiatives to promote financial inclusion in Myanmar," AGD Bank said in a statement. Founded in 2013, MBF claims to have provided services to more than 30,000 customers across the country, the article said.

**Source: Thura Swiss News (Issue 371 Jun 27, 2019)**

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 28th Jun. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | -500 | -4.17% | 12,000 | 12,000 | 11,500 | 1,371 | 15,812,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 8,967 | 30,487,800 | 38,929,150 | 132,359 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 5 | 120,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 76 | 231,800 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 456.26 | -9.93 | -2.13% | 466.19 | 466.19 | 456.26 | 10,419 | 46,651,600 | 5 | 622,902 |

### Index chart




## Market Overview

As of 1:00 pm, 28th Jun. 2019

| MYANPIX | 456.26 ▼ 9.93 |
|---|---|
| Total Volume (shares) | 10,419 |
| Total Value (MMK) | 47 mil |
| Listed Company | 5 |
| Market Cap. (MMK) | 622,902 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▼ 500 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |